ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့၊ (1-2-2011) (၆၆၆၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတင်ကျင်းပ

တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးစလုံး တက်ရောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး တက်ရောက်သည့်အတွက် အစည်းအဝေးအထမြောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂ တို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူခဲ့သော ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီ ၅၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။

အဆိုပါ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး မစတင်မီ နံနက် ၇ နာရီ ၁၅ မိနစ်မှစတင်၍ ပြည်သူ့လွှတ်တော်ခန်းမသို့ ရောက်ရှိကြပြီး အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော်ခန်းမ၌ စတင်ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးအစီအစဉ်အရ ရှေးဦးစွာ ပထမအကြိမ် ပြည်သူ့လွှတ်တော် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)



ကြေးမုံ The Mirror
၁-၂-၂၀၁၁
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့

မြန်မာ့ရေမြေရာသီဥတု ညီညွတ်မျှတကောင်းမွန်သဖြင့် စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည်။ ခေတ်မီနည်းပညာများ အသုံးပြု စိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်းတို့ဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံရုံမျှမက ပြည်ပဈေးကွက်သို့ပင် တင်ပို့ရောင်းချနေကြပေပြီ။

စိုက်ပျိုးရေးလုပ်ငန်းများ၌ သီးနှံများ တစ်ဧကအထွက်နှုန်းတိုးရေးကို အလေးထားလာကြသည်။ သီးနှံအထွက်တိုးရေးအတွက် ဓာတ်မြေဩဇာများကို သုံးစွဲကြသည်။ သီးနှံရောဂါပိုးများ ကာကွယ်နိုင်ရေး ပိုးသတ်ဆေးများကို အသုံးပြုနေကြမြဲဖြစ်သည်။ ဈေးကွက်လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သီးနှံအထွက်နှုန်း၊ ထုတ်လုပ်မှုနှုန်း အရေအတွက်ဘက်သို့ ဦးစားပေး လုပ်ဆောင်လာကြသည်ကို တွေ့ရသည်။

ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ အသုံးပြုရာတွင် သတ်မှတ်ပမာဏ၊ သတ်မှတ်ချိန်အတွင်း အသုံးပြုခြင်းသည် စားသုံးသူများကို ဘေးဥပဒ် မဖြစ်စေပေ။ ယင်းသို့ လိုက်နာလုပ်ဆောင်ခြင်းမရှိသည့်အခါ စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေသည်။ အချို့သီးနှံများကို ရောင်းတမ်းဝင် မျက်နှာပန်းလှစေရန် ဓာတုဆေးရည်များ ပက်ဖျန်းရောင်းချလာကြသဖြင့် ဘေးအန္တရာယ်ဖြစ်မှုများပင် တွေ့ကြုံကြရကြောင်း သိရသည်။

ယခုအခါ ကျန်းမာရေးအထောက်အကူပြု အော်ဂဲနစ်သီးနှံစားသုံးမှုကို ပိုမိုအာရုံစိုက်လာကြပြီဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်သူများကလည်း စားသုံးသူများ အာဟာရပြည့်ဝ ဘေးအန္တရာယ်ကင်းရှင်းသည့် သီးနှံ၊ စားသောက်ကုန်များ ဈေးကွက်သို့ တင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

တစ်ဖက်မှလည်း အော်ဂဲနစ်စိုက်ပျိုးရေးတွင် အသုံးပြုရမည့် နည်းပညာ၊ အရည်အသွေးကောင်း၊ အထွက်တိုးမည့် နည်းပညာများကို သက်ဆိုင်ရာအသင်းအစုအဖွဲ့တို့က ဖြန့်ဝေပေးလျက်ရှိသည်။ တောင်သူများ အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတ်မြေဩဇာ ကင်းစင်ရုံမျှမက ရှိသင့်ရှိထိုက်သည့် အရည်အသွေးပြည့်ဝစေရေး စမ်းသပ်စစ်ဆေး ထောက်ခံမှုများ ရရှိရေး ကူညီပံ့ပိုးပေးလျက်ရှိသည်။

နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အော်ဂဲနစ်သီးနှံစိုက်ပျိုးမှုလည်း တိုးတက်လာနေပြီဖြစ်သည်။ ယခင်က မြေလွတ်မြေရိုင်းများပေါ်တွင်ပင် အော်ဂဲနစ်သီးနှံစိုက်ပျိုးပါက မြေပြုပြင်ရန် တစ်နှစ်ခန့်စောင့်ဆိုင်းရသော်လည်း ယခုအခါ တိုက်ရိုက်စိုက်ပျိုးနိုင်ကြပြီ။ သီးနှံစိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သွယ်ရောင်းဝယ်သူများအနေဖြင့် ခေတ်မီနည်းပညာများအသုံးပြုပြီး အော်ဂဲနစ်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြခြင်းဖြင့် ပြည်တွင်း ပြည်ပဈေးကွက်များသို့ တွင်တွင်ကျယ်ကျယ် ထိုးဖောက်ရောင်းချလာနိုင်ကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးနန္ဒကျော်စွာတို့အား ရွေးကောက်တင်မြှောက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူခဲ့သော ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ယနေ့ စတင်ကျင်းပသည်။

အဆိုပါ အစည်းအဝေးအစီအစဉ်(၁၀)အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် ပထမဦးစွာ ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းလွှာပုံစံ(၁)ကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုး ထုတ်ယူကြပြီး လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းကာ အခမ်းအနားမှူးမှတစ်ဆင့် သဘာပတိထံ ပြန်လည်တင်သွင်းကြသည်။ ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလွှာ ပုံစံထုတ်ယူသည့် အရေအတွက်မှာ (၂)စောင်ဖြစ်ပြီး ပြန်လည်တင်သွင်းသည့် အရေအတွက်မှာ (၂)စောင်ဖြစ်သည်။

အမည်စာရင်းတင်သွင်း

အမည်စာရင်းတင်သွင်းရာ၌ ဇေယျာသီရိမဲဆန္ဒနယ်မှ သူရဦးရွှေမန်းကို ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးသိန်းစိန်က အမည်စာရင်းတင်သွင်းပြီး တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းက ထောက်ခံ၍လည်းကောင်း၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ညဏ်ကို မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်းက အမည်စာရင်းတင်သွင်းပြီး ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦးက ထောက်ခံ၍လည်းကောင်း တင်သွင်းကြသည်။

၎င်းနောက် သဘာပတိက အမည်စာရင်းတင်သွင်းလွှာများကို စုစည်း၍ ဥက္ကဋ္ဌလောင်းများ၏ အက္ခရာစဉ်အလိုက် အမည်စာရင်းကို လွှတ်တော်တွင် ပုံစံ(၃)ဖြင့် ကြေညာသည်။ အမည်စာရင်း တင်သွင်းခံရသည့် ဥက္ကဋ္ဌလောင်းများမှာ စုစုပေါင်း (၂)ဦး ဖြစ်သည်။

ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူတစ်ဦးထက်ပိုသဖြင့် ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ရန်အတွက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေးကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲအရေအတွက်ကို ဥက္ကဋ္ဌလောင်းတစ်ဦးချင်းအလိုက် ပုံစံ(၄)ဖြင့်လည်းကောင်း၊ ဥက္ကဋ္ဌလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ပုံစံ(၅)ဖြင့်လည်းကောင်း ပြုစုသည်။

ဥက္ကဋ္ဌလောင်းများ၏ တစ်ဦးချင်းထောက်ခံဆန္ဒမဲ ရရှိမှုအခြေအနေမှာ သူရဦးရွှေမန်း(၃၇၆)မဲနှင့် ဦးမန်းမောင်မောင်ညဏ်(၃၀)မဲ ဖြစ်သည်။

ထို့ကြောင့် သဘာပတိက ထောက်ခံဆန္ဒမဲအများဆုံးရရှိသူ **သူရဦးရွှေမန်း**အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာသည်။

အသီးသီးတင်သွင်း

ထို့နောက် အစီအစဉ်(၁၁)အရ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာ ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာကို ပုလဲမဲဆန္ဒနယ်မှ ဦးကျော်ဆန်းက အမည်စာရင်းတင်သွင်းပြီး ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်းက ထောက်ခံ၍လည်းကောင်း၊ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီကို နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာ စိုင်းကျော်အုန်းက အမည်စာရင်းတင်သွင်းပြီး လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်က ထောက်ခံ၍လည်းကောင်း၊ ဆက်လက်၍ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ) ဦးဆောင်ဆီကို ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်က အမည်စာရင်းတင်သွင်းပြီး ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံက ထောက်ခံ၍ လည်းကောင်း၊ ပန်းတနော် မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ညဏ်ကို မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ) ဦးဖိုးတုတ်က အမည်စာရင်းတင်သွင်းပြီး နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်က ထောက်ခံ၍ လည်းကောင်း အသီးသီးတင်သွင်းကြရာ အမည်စာရင်း တင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်းမှာ စုစုပေါင်း (၃)ဦး ဖြစ်သည်။

ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုသဖြင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန်အတွက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲ ပေးကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲအရေအတွက်ကို ဒုတိယဥက္ကဋ္ဌလောင်းတစ်ဦးချင်းအလိုက် ပုံစံ(၄)ဖြင့် လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ပုံစံ(၅)ဖြင့်လည်းကောင်း ပြုစုသည်။

ဒုတိယဥက္ကဋ္ဌလောင်းများ၏ တစ်ဦးချင်းထောက်ခံဆန္ဒမဲရရှိမှုအခြေအနေမှာ ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာ(၃၆၈)မဲ၊ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ) ဦးဆောင်ဆီ(၄၅)မဲနှင့် ပန်းတနော် မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ညဏ် (၁၅)မဲတို့ ဖြစ်ကြသည်။

ထို့ကြောင့် သဘာပတိက ထောက်ခံဆန္ဒမဲအများဆုံးရရှိသူ **ဦးနန္ဒကျော်စွာ**အား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာသည်။

လက်မှတ်ရေးထိုး

၎င်းနောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် သဘာပတိရှေ့မှောက်တွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြုကြပြီး လွှတ်တော်၏ရှေ့မှောက်၌ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

တာဝန်လွှဲအပ်

ထို့နောက် အစည်းအဝေး**သဘာပတိ ဦးဌေးဦး**က လွှတ်တော်ရှေ့မှောက်တွင် **ဥက္ကဋ္ဌ သူရဦးရွှေမန်း**အား တာဝန်လွှဲအပ်သည်။ တာဝန်လက်ခံပြီးနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ရာ၌ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Southern နှင့် မနောမြေတို့ အမှတ်ခွဲယူ

ရန်ကုန် ဇန်နဝါရီ ၃၁

MNL Grand Royal 2011 အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃) နောက်ဆုံးပွဲစဉ်ဖြစ်သည့် Southern Myanmar အသင်းနှင့် မနောမြေအသင်းတို့သည် ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေကျသွားသည်။

Southern Myanmar	**- ဂိုးမရှိ**
မနောမြေ	**- ဂိုးမရှိ**

၂၀၁၀ MFF Cup ရှုံးထွက်ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့် Southern အသင်းမှာ ယခုပြိုင်ပွဲတွင် အကောင်းဆုံးပုံစံ မရသေးဘဲ ရုန်းကန်နေရဆဲဖြစ်သည်။ ယခုပွဲတွင် ပထမဦးဆုံး ရမှတ်ရရှိခဲ့သော်လည်း သုံးပွဲကစားအပြီး၌ တစ်မှတ်သာရရှိသေးသဖြင့် လာမည့်ပွဲစဉ်များအတွက် ဖိအားဝင်သွားရပြီဖြစ်သည်။ Southern အသင်းမှာ အသစ်ခေါ်ယူထားသော နိုင်ငံခြားသားများ အသင်းနှင့် အံမဝင်သေးသဖြင့် အကောင်းဆုံးခြေစွမ်းဖြင့် မနောမြေကို မယှဉ်ပြိုင်နိုင်ခဲ့ဘဲ ရရှိသည့် ပယ်နယ်တီကိုလည်း ဝင်အောင်မသွင်းနိုင်သဖြင့် နိုင်ပွဲနှင့် လွဲခဲ့ရခြင်းဖြစ်သည်။ ၄၇ မိနစ်တွင် နောက်ခံလူ ကလစ်ဖို့ဒ်၏ ပယ်နယ်တီကန်သွင်းမှုမှာ ဘားတန်းပေါ် ကျော်သွားခြင်းဖြစ်သည်။ ယမန်နှစ်ထက် ကစားပုံပိုကောင်းလာသည့် မနောမြေအသင်းမှာ ယခုပွဲတွင်လည်း Southern အသင်းကို ဖိအားပေးနိုင်ခဲ့ပြီး ဒုတိယမြောက် သရေပွဲကိုရယူနိုင်ခဲ့ခြင်းဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

၅-၂-၂၀၁၁
(ဗထူးကွင်း)
ရတနာပုံ - မကွေး

(မုံရွာကွင်း)
ဇေယျာရွှေမြေ - ကမ္ဘောဇ

(သုဝဏ္ဏကွင်း)
နေပြည်တော် - Southern Myanmar

(အောင်ဆန်းကွင်း)
မနောမြေ - ရောဝတီယူနိုက်တက်

Southern အသင်း တိုက်စစ်မှူး ဘာဘာ၏ ထိုးဖောက်မှုကို မနောမြေ နောက်ခံလူ ဖျက်ထုတ်စဉ်။

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ။

အထက(၁) မြောက်ဥက္ကလာပ၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မောင်ထွန်းတင့်ဇော်ဦးအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့် ဂုဏ်ပြုရွှေဆွဲကြိုး၊ ရွှေလက်စွပ်နှင့် ရွှေတံဆိပ်ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

✻ ရှေ့ဖုံးမှ

ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိတင်မြှောက်ကြရာ သဘာပတိလောင်း အမည်စာရင်း တင်သွင်းသည့်အရေးအတွက် နှစ်စောင်ဖြစ်သော်လည်း တင်သွင်းသူ နှစ်ဦးစလုံးက အမည်စာရင်း တင်သွင်းခံရသူမှာ ဟသ်ာတမဲဆန္ဒနယ်မှ ဦးရွှေမန်း တစ်ဦးတည်းဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမန်းအား ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၏ သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

နှုတ်ခွန်းဆက်

ထို့နောက် အစည်းအဝေး**သဘာပတိ ဦးရွှေမန်း**က သဘာပတိအဖြစ် နေရာယူပြီးနောက် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေး သဘာပတိက ပထမအကြိမ် ပြည်သူ့လွှတ်တော်၏ ရှေ့မှောက်တွင် သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

စတင်ကျင်းပ

ထို့နောက် သဘာပတိက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး ရှိသည့်အနက် အားလုံးတက်ရောက်သည့်အတွက် ၁၀၀ ရာခိုင်နှုန်းဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ကတိသစ္စာပြု

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

အတည်ပြု

ထို့နောက် သဘာပတိက အစည်းအဝေးသို့ မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းကို တင်ပြသည်။ ခွင့်ပန်ကြားသူမရှိဘဲ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးတက်ရောက်မှုကို ပြည်သူ့လွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ သဘာပတိက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၏ ပထမနေ့ အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သဘာပတိ ဦးရွှေမန်း နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား ဆန္ဒမဲပေးရွေးချယ်ကြရာ ဇေယျာသီရိ မဲဆန္ဒနယ်မှ သူရဦးရွှေမန်းအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာအား ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ရွေးကောက်တင်မြှောက်ကြသည်။

ယင်းနောက် **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း**နှင့် **ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ**တို့က အစည်းအဝေးသဘာပတိ ဦးရွှေမန်း၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

တာဝန်လွှဲအပ်

၎င်းနောက် အစီအစဉ်အရ ပြည်သူ့လွှတ်တော်သဘာပတိက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။

(ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကားအပြည့်အစုံကို စာမျက်နှာ ၆ တွင် ဖော်ပြထားပါသည်။)

၎င်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပရန် ပြည်ထောင်စုလွှတ်တော်နာယက၏ ဖိတ်ကြားချက်ကို ဖတ်ကြားကြေညာသည်။

အစည်းအဝေးရပ်နား

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယက၏ အကြောင်းကြားချက်အရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်နိုင်ရေးအတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး၏ ပထမနေ့ အစည်းအဝေးကို ရပ်နားကြောင်း ကြေညာပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သို့ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၀)မှ သင်တန်းသား၊ သင်တန်းသူများ လာရောက်လေ့လာ

နေပြည်တော် ဇန်နဝါရီ ၃၁

အထက်မြန်မာပြည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖီးပင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၀)မှ သင်တန်းသား၊ သင်တန်းသူ ၁၅၀၀ တို့သည် ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ ရက် မွန်းလွဲပိုင်းများတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သို့ လေ့လာရေးခရီး ရောက်ရှိကြရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးဌေးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ သင်တန်းသား၊ သင်တန်းသူများက မြန်မာ့သိုင်း၊ အလေးမ၊ ဘောလုံး၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ မြန်မာ့ရိုးရာခြင်းလုံးနှင့် ဝူရှူး အားကစားနည်းများဖြင့် သရုပ်ပြ ဖျော်ဖြေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၇နှင့် ၁၉၉၁) အင်ဂျင်နီယာကျောင်းဆင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၇နှင့် ၁၉၉၁) မြို့ပြ အင်ဂျင်နီယာ ကျောင်းဆင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်အတူ ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၈၇ နှင့် ၁၉၉၁)မေဂျာစုံ အင်ဂျင်နီယာ ကျောင်းဆင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အင်းယားကန်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အင်ဂျင်နီယာ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်၍ ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့နိုင်ကြောင်းနှင့် (မြို့ပြ) ဒေါက်တာဉာဏ်မြင့်ကျော် ဖုန်း-၀၉-၅၀၃၃၅၅၈၊ ဦးစိုးလွင်(ချက်ကြီး) ဖုန်း-၀၉-၅၀၄၁၉၀၅၊ ဦးဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၀၇၇၁၅၃၊ ဦးသန်းဝင်း ဖုန်း-၀၉-၅၀၁၇၄၂၅၊ စက်မှု၊ လျှပ်စစ်နှင့် မေဂျာစုံ-ဦးမိုးမြင့်ကျော် ဖုန်း-၀၉-၅၀၃၆၀၆၉၊ ဦးတင်မောင်နိုင် ဖုန်း-၀၉-၅၁၂၅၃၇၆၊ ဦးကျော်သူအောင် ဖုန်း-၀၉-၅၀၀၀၃၁၈၊ ဦးတင်ဦး ဖုန်း-၀၉-၅၀၀၈၉၂၃နှင့် ဦးခင်မောင်လွင် ဖုန်း-၀၉-၅၀၀၄၁၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သူနာပြုဒီပလိုမာ(ရန်ကုန်၊ မော်လမြိုင်) မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

၁၉၈၇-၁၉၉၁ ခုနှစ်တွင် တက်ရောက်ခဲ့သော သူနာပြုဒီပလိုမာ (ရန်ကုန်၊ မော်လမြိုင်) ကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို မတ် ၂၇ ရက်တွင် သူနာပြုတက္ကသိုလ်(ပင်မ) အစည်းအဝေးခန်းမ၌ ညနေ ၃ နာရီမှ ၆ နာရီအထိ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် မခင်မေလွင် ဖုန်း-၀၁-၂၅၆၁၁၂ Ext-၈၉၈၊ မသက်သက်လွင် ဖုန်း-၀၉-၅၁၈၄၆၇၃၊ ဦးတင်ကိုကို ဖုန်း-၀၁-၂၅၆၁၁၂ Ext-၈၄၅၊ မအေးအေးဝင်း ဖုန်း-၀၉-၅၀၇၁၀၈၄၊ မတင်လှ ဖုန်း-၀၁-၅၂၅၈၂၉၊ ၀၁-၇၃၀၆၀၈၈၆၊ မစန်းစန်းလွင် ဖုန်း-၀၉-၅၀၄၈၆၄၈နှင့် မမြင့်မြင့်ဦး ဖုန်း-၀၉-၈၇၄၂၉၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပျော်ဘွယ်မြို့ အထက (ပန်းစုံ) အာစရိယပူဇော်

နေပြည်တော် ဇန်နဝါရီ ၃၁

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ပန်းစုံ)၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက်တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ဆရာကြီးဦးမြစိန်၊ ဆရာကြီးဦးစိုးမြင့်နှင့် နာယကအဖွဲ့ဝင် ဦးရန်မျိုးဝင်းတို့က အမှာစကားပြောကြားကြပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ဖုန်းက သက်ရှိထင်ရှားရှိသော ဆရာကြီး၊ ဆရာမကြီးများအတွက် ဆေးပဒေသာပင် ထူထောင်ခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဆရာမဒေါ်ခင်ချိုချိုက တက်ရောက်လာသော ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆**ကျောဖုံးမှ**

တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် အမျိုးသားလွှတ်တော်ခန်းမ၌ စတင်ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်ကြသည်။

သဘာပတိတင်မြှောက်

အစည်းအဝေးအစီအစဉ်အရ ရှေးဦးစွာ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက သဘာပတိတင်မြှောက်ကြရာ သဘာပတိလောင်း အမည်စာရင်းတင်သွင်းခံရသူ ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန် တစ်ဦးသာရှိသည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်အား ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၏ သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် အစည်းအဝေး**သဘာပတိ ဦးခက်ထိန်နန်**က သဘာပတိအဖြစ် နေရာယူပြီးနောက် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေး သဘာပတိက ပထမအကြိမ် အမျိုးသားလွှတ်တော်၏ ရှေ့မှောက်တွင် သဘာပတိအဖြစ် ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

အားလုံးတက်ရောက်

ထို့နောက် သဘာပတိက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၄ ဦးရှိသည့်အနက် အားလုံးတက်ရောက်သည့်အတွက် ၁၀၀ ရာခိုင်နှုန်းဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

လက်မှတ်ရေးထိုး

ယင်းနောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ကြိုတင်ဖြန့်ဝေ

ဆက်လက်၍ သဘာပတိက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၏ ပထမနေ့အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့အား ဆန္ဒမဲပေးရွေးချယ်ကြရာ **မန္တလေးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ ဦးခင်အောင်မြင့်အား အမျိုးသားလွှတ်တော်**ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ **ရန်ကုန်တိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်မှ ဦးမြညိမ်းအား ဒုတိယဥက္ကဋ္ဌ**အဖြစ် လည်းကောင်း ရွေးကောက်တင်မြှောက်ကြသည်။

ယင်းနောက် **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်**နှင့် **အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း**တို့က အစည်းအဝေးသဘာပတိ ဦးခက်ထိန်နန်၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

၎င်းနောက် အစီအစဉ်အရ အမျိုးသားလွှတ်တော်သဘာပတိက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

(အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်စကား အပြည့်အစုံကို **စာမျက်နှာ ၇ တွင် ဖော်ပြထားပါသည်။)**

၎င်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပရန် ပြည်ထောင်စုလွှတ်တော်နာယက၏ ဖိတ်ကြားချက်ကို ဖတ်ကြားကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော် နာယက၏ အကြောင်းကြားချက်အရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်နိုင်ရေးအတွက် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၏ ပထမနေ့အစည်းအဝေးကိုရပ်နားကြောင်း ကြေညာပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

နှုတ်ခွန်းဆက်စကားပြောကြား

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၏ သဘာပတိ ဦးခက်ထိန်နန် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဦးမြညိမ်းတို့အား ရွေးကောက်တင်မြှောက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူခဲ့သော ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ယနေ့ စတင်ကျင်းပသည်။

အဆိုပါအစည်းအဝေး အစီအစဉ်(၁၀)အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် ပထမဦးစွာ ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၁)ကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုးထုတ်ယူကြပြီး လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းကာ အခမ်းအနားမှူးမှတစ်ဆင့် သဘာပတိထံ ပြန်လည်တင်သွင်းကြသည်။

ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းရာ၌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးခင်အောင်မြင့်အား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဇော်မြင့်ဖေက အမည်စာရင်းတင်သွင်းပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီက ထောက်ခံ၍ တင်သွင်းသည်။

၎င်းနောက် သဘာပတိက အမည်စာရင်း တင်သွင်းလွှာများကို စုစည်း၍ ဥက္ကဋ္ဌလောင်း၏ အမည်စာရင်းကို လွှတ်တော်တွင် ပုံစံ(၃)ဖြင့်ကြေညာရာ အမည်စာရင်းတင်သွင်းခံရသည့် ဥက္ကဋ္ဌလောင်းမှာ ဦးခင်အောင်မြင့် တစ်ဦးတည်းဖြစ်သည်။

ထို့ကြောင့် သဘာပတိက မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ **ဦးခင်အောင်မြင့်**အား **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ**အဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာသည်။

ဒုတိယဥက္ကဋ္ဌ

ထို့နောက် အစီအစဉ်(၁၁)အရ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဗညားအောင်မိုးကို ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမင်းမျိုးတင့်လွင်က အမည်စာရင်း တင်သွင်းပြီး မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်သိန်းက ထောက်ခံ၍လည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဗညားအောင်မိုးကို ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်က အမည်စာရင်း တင်သွင်းပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးမောင်စောဖြူက ထောက်ခံ၍လည်းကောင်း၊ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဗညားအောင်မိုးကို ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်းက အမည်စာရင်းတင်သွင်းပြီး ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်က ထောက်ခံ၍လည်းကောင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဗညားအောင်မိုးကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုးက အမည်စာရင်းတင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က ထောက်ခံ၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမြညိမ်းကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမော်ထွန်းက အမည်စာရင်းတင်သွင်းပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးညဏ်လင်းက ထောက်ခံ၍လည်းကောင်း အသီးသီးတင်သွင်းကြရာ အမည်စာရင်း တင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်းမှာ စုစုပေါင်းနှစ်ဦးဖြစ်သည်။

လျှို့ဝှက်ဆန္ဒမဲပေး

ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုသဖြင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန်အတွက် တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲ ပေးကြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲအရေအတွက်ကို ဒုတိယဥက္ကဋ္ဌလောင်းတစ်ဦးချင်းအလိုက် ပုံစံ(၄)ဖြင့်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ပုံစံ(၅)ဖြင့်လည်းကောင်း ပြုစုသည်။

ဒုတိယဥက္ကဋ္ဌလောင်းများ၏ တစ်ဦးချင်းထောက်ခံဆန္ဒမဲရရှိမှု အခြေအနေမှာ မွန်ပြည်နယ် အမှတ်(၇) မဲဆန္ဒနယ်မှ ဦးဗညားအောင်မိုးက ၃၂ မဲနှင့် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်မှ ဦးမြညိမ်းက ၁၉၁ မဲဖြစ်သည်။

ထို့ကြောင့် သဘာပတိက ထောက်ခံဆန္ဒမဲအများဆုံးရရှိသူ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်မှ **ဦးမြညိမ်း**အား **ဒုတိယဥက္ကဋ္ဌ**အဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာသည်။

၎င်းနောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် သဘာပတိရှေ့မှောက်တွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြုကြပြီး လွှတ်တော်၏ရှေ့မှောက်၌ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အစည်းအဝေး**သဘာပတိ ဦးခက်ထိန်နန်**က လွှတ်တော်ရှေ့မှောက်တွင် **ဥက္ကဋ္ဌ ဦးခင်အောင်မြင့်**အား တာဝန်လွှဲအပ်သည်။တာဝန်လက်ခံပြီးနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ရာ၌ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လှည်းကူး ဆရာအတတ်သင်ကျောင်း (ပညာရေးကောလိပ်) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

လှည်းကူး ဆရာအတတ်သင်ကျောင်း (ပညာရေးကောလိပ်) တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့)တွင် ယင်းကောလိပ် အာစရိယခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၈၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် သင်တန်းတက်ရောက်ခဲ့သော ဆရာ၊ ဆရာမများ တက်ရောက်ကြပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြု ပါဝင်လှူဒါန်းလိုသူများသည် ကျောင်းအုပ်ကြီး လှည်းကူးပညာရေးကောလိပ် ဖုန်း-၀၁-၆၂၉၁၅၀၊ ဒေါ်ဌေးဌေးရီ ဂီတဌာန၊ လှည်းကူးပညာရေးကောလိပ် ဖုန်း-၀၁-၆၂၉၁၅၀၊ ဦးကြည်လင်းအောင် အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ရန်ကုန်မြို့ ဖုန်း-၇၃၀၄၄၇၁၃၊ ဦးသောင်းဌေး ဖုန်း-၀၅၅၂၉၄၂၁၊ ၀၅၅၂၉၁၀၁၊ ဦးမြင့်ဝင်း (လက်ထောက်မြို့နယ်ပညာရေးမှူး) ကွမ်းခြံကုန်းမြို့ ဖုန်း-၂၆၅၁၀၈၊ ဦးဌေးအောင် ဖုန်း-၆၂၈၀၉၆၊ ဦးအောင်ဖေ ဖုန်း-၇၃၀၈၅၂၁၀၊ ဒေါ်အိသွဲ့ခင် ဖုန်း-၂၆၉၄၂၀၊ ဦးကြည်အောင် ဖုန်း-၀၁-၆၂၅ ၄၀၄ လိုင်းခွဲ-၄၁၂ နှင့် ဦးတင်စိုး (လက်ထောက် မြို့နယ်ပညာရေးမှူး)လှည်းကူးမြို့ ဖုန်း-၀၁-၆၂၉၀၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပ

ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ပြီးပါက ပြည်ထောင်စုလွှတ်တော်နာယကထံတင်ပြရန်နှင့် ဥပဒေနှင့်အညီ

နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရန်အတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ရပ်နားထားမည်

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်နာယက၏ ဖိတ်ကြားချက်အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။
(သတင်းစဉ်)

အဆိုပါ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များသည် အစည်းအဝေးမစတင်မီ ပြည်ထောင်စုလွှတ်တော်ခန်းမသို့ ရောက်ရှိကြပြီး အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

နာယက

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်**ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ **ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်** အစည်းအဝေးခန်းမအတွင်းသို့ ကြွရောက်နေရာယူပြီးနောက် ပြည်ထောင်စုလွှတ်တော်နာယကက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

(ပြည်ထောင်စုလွှတ်တော်နာယက၏ နှုတ်ခွန်းဆက်စကားအပြည့်အစုံကို စာမျက်နှာ ၈ တွင် ဖော်ပြထားပါသည်။)

ဎင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၆၅၉ ဦးရှိသည့်အနက် အားလုံးတက်ရောက်သည့်အတွက် ၁၀၀ ရာခိုင်နှုန်းဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နာယက က အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို တင်ပြသည်။ ခွင့်ပန်ကြားသူမရှိဘဲ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးတက်ရောက်မှုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်။

အစီအစဉ်ကြေညာ

ဎင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော် ပထမနေ့ အစည်းအဝေးအစီအစဉ်ကို ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင် ပါဝင်သော ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့နှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ပါဝင်သော တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့တို့က အစုအဖွဲ့အလိုက် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရန်အတွက် အစုအဖွဲ့ အစည်းအဝေးများကို ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ကျင်းပရန် သတ်မှတ်ကြေညာသည်။ အစုအဖွဲ့အလိုက် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ပြီးပါက ရွေးချယ်တင်မြှောက်ရသည့် ဒုတိယသမ္မတလောင်းတစ်ဦးစီ၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတ အရည်အချင်းစိစစ်ရေးအဖွဲ့တွင်ပါဝင်သော ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြရန်နှင့် ဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရန်အတွက် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ရပ်နားထားမည်ဖြစ်ကြောင်း ကြေညာသည်။

ရပ်နား

ဎင်းနောက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တွင်ပါဝင်သော သက်ဆိုင်ရာကိုယ်စားလှယ် အစုအဖွဲ့အလိုက် အစည်းအဝေးများကို ဖေဖော်ဝါရီ ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၁၅ ၈။ တေးဂီတအစီအစဉ်
- ၈း၃၀ ၉။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ "ဘဝသစ်ရဲ့စာမျက်နှာ"
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄း၂၀ ၃။ သူ့လက်သံ
- ၄း၃၀ ၄။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (မြန်မာစာဘာသာရပ်)
- ၅း၀၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၁၀ ၆။ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၂၀ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၃၅ ၈။ "ကြယ်စင်ဥယျာဉ်"
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၃၅ ၁၂။ ဆိုလိုက်ကြစို့
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၆)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ရယ်စရာဟာသများ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်"(ပထမပိုင်း) (အပိုင်း-၂၉)**
- ၁၉။ အစီအစဉ်ပြီး၏။

သမိုင်းမှတ်တမ်းတင်ရမယ့် ခေတ်တစ်ခေတ်ရဲ့ ပထမဦးဆုံး ပြည်သူ့လွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်နိုင် တာဝန်များကိုထမ်းဆောင်ကြရာမှာ ဝါဒစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲမထားဘဲ အမျိုးသားရေးအကျိုးစီးပွားကိုသာ ဆောင်ရွက် အမျိုးသားအကျိုးစီးပွားကို ဘုံအကျိုးစီးပွားအဖြစ် အလေးအနက်ခံယူပြီး တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက် ပြည်သူများနှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး မွန်မြတ်တဲ့စေတနာနှင့် စဉ်းစား၊ ပြောဆို၊ ဆောင်ရွက်၊ လုပ်ဆောင်ဖို့လို

နေပြည်တော် ဇန်နဝါရီ ၃၁

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြောကြားသည့် နှုတ်ခွန်းဆက်စကား အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား-

သမိုင်းမှတ်တမ်းတင်ရမယ့် ခေတ်တစ်ခေတ်ရဲ့ ပထမဦးဆုံး ပြည်သူ့လွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်နိုင်ခဲ့ပါပြီ။ ဒီလိုသမိုင်းတင်ရမယ့် အလွန်ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့အခါသမယမှာ ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကိုယ်စီကိုယ်စီတာဝန်

ထို့အတူ ကိုယ်စားလှယ်ကြီးများက ပြည်သူများကိုယ်စား ကျွန်တော့်ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ပေးခဲ့ကြတဲ့အတွက် ကိုယ်စားလှယ်ကြီးများနှင့် ပြည်သူအားလုံးကို ကျေးဇူးတင်ဝမ်းမြောက် ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

ယခုလို ကိုယ်စားလှယ်တော်ကြီးများက ကျွန်တော့်ကို ယုံကြည်စွာ တာဝန်ပေးမှုအပေါ် အလေးအနက်ခံယူပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတာဝန်ကို ကျေပွန်အောင် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ဒီနေရာကနေ အလေးအနက်ထား ကတိပြုအပ်ပါတယ်။ အားလုံးသော ကိုယ်စားလှယ်ကြီးများကလည်း ကျွန်တော့်နည်းတူ မိမိတို့၏ တာဝန်များကို ကျေပွန်အောင် အလေးအနက် ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချထားကြပြီး ဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ဒီလွှတ်တော်ကိုယ်စားလှယ်များထဲကပင် သမ္မတ၊ ဒုတိယသမ္မတ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတွေမှာ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှာဖြစ်လို့ ကျွန်တော်တို့အားလုံးက ကိုယ်စီကိုယ်စီ တာဝန်ကျေမှု၊ သစ္စာရှိမှုတွေဟာ ပြည်သူများအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ဖော်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား-

ကျွန်တော်တို့ပြည်သူ့လွှတ်တော်ရဲ့ အဓိကပင်မတာဝန်ဖြစ်တဲ့ ဥပဒေပြုရေး၊ ရှိပြီး တည်ဆဲဥပဒေများကို ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ရေးစတဲ့ တာဝန်များကိုလည်း တိုင်းပြည်နှင့် ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းအောင်မြင်ရေးအတွက် တစိုက်မတ်မတ် လေ့လာသုံးသပ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပဒေပြုရေးဟာ နိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေး စတဲ့ ကဏ္ဍအားလုံးမှာ အကျုံးဝင်နေသလို အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများအတွက်လည်း အကျိုးသက်ရောက်မှုများ ရှိနေမှာဖြစ်ပါတယ်။

ထိန်းညှိဖော်ဆောင်

တစ်ဖက်ကလည်း အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာကျင့်သုံးမှုများ မတိမ်းစောင်းရလေအောင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်အတွင်းမှာ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာကျင့်သုံးပြီး ထိန်းညှိဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အထက်ပါဥပဒေပြုရေးအပါအဝင် ကြီးလေးကျယ်ပြန့်တဲ့ တာဝန်များကို ထမ်းဆောင်ကြရာမှာ ဝါဒစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲမထားဘဲ အမျိုးသားရေးအကျိုးစီးပွားကိုသာ ဆောင်ရွက်သွားဖို့လိုအပ်ပါတယ်။ မိမိတစ်ဦးချင်း အကျိုးစီးပွား၊ မိမိပါတီရဲ့ အကျိုးစီးပွားထက် တိုင်းပြည်နှင့် ပြည်သူ့အကျိုးစီးပွားကို ဦးစားပေး ဖော်ဆောင်သွားရမှာဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား -

နိုင်ငံရေးပါတီများအနေဖြင့်လည်း လွှတ်တော်အတွင်းလုပ်ငန်းများဆောင်ရွက်ကြရာမှာ တစ်ပါတီနှင့် တစ်ပါတီ သဘောထားအမြင်များ ကွဲပြားကောင်းကွဲပြားနိုင်မှာ ဖြစ်သော်လည်း အမျိုးသားအကျိုးစီးပွားကိုတော့ ဘုံအကျိုးစီးပွားအဖြစ် အလေးအနက်ခံယူပြီး တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်သွားကြဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား -

နောက်ဆုံး ကျွန်တော်တင်ပြလိုတာကတော့ ကျွန်တော်တို့တစ်တွေဟာ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြပါတယ်။ ထို့အတူ ပြည်သူများနှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး မွန်မြတ်တဲ့စေတနာနှင့် စဉ်းစား၊ ပြောဆို၊ ဆောင်ရွက်၊ လုပ်ဆောင်နေဖို့လိုအပ်ပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်တဲ့ ကျွန်တော်တို့တစ်တွေဟာ ပြည်သူတွေအပေါ်၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ တာဝန်ကျေပွန်မှုများကို အမှန်တကယ် လက်တွေ့လုပ်ဆောင်မှုများ၊ ကောင်းကျိုးရလဒ်များဖြင့် သက်သေပြကြရန် လိုအပ်လှပါကြောင်း အသိပေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၃၁

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ကယားပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့နှင့် နမ့်စန်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရန်ကုန်(မှော်ဘီ)တွင် ၁ ဒသမ ၅၈ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် သုည ဒသမ ၄၇ လက်မ၊ ခရမ်းမြို့တွင် သုည ဒသမ ၂၄ လက်မ၊ ရန်ကုန်(မြို့လယ်)၊ ကျိုက်ထိုမြို့နှင့် ကိုကိုးကျွန်းမြို့တို့တွင် သုည ဒသမ ၁၆ လက်မစီနှင့် ပဲခူးမြို့နှင့် ဘီးလင်းမြို့တို့တွင် သုည ဒသမ ၀၄ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၁ ရက် ညနေထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၁-၂-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (ရတနသုတ်)
၇း၃၀	ဓမ္မပူဇာတေး
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ဘဝအသွင်ကဗျာ့အမြင် (မြင်းခင်းပျော်လှပြာသိုလ)
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (ခရုထမင်းပေါင်း) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on Line (နန္ဒစိုင်း)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
၁၂း၄၀	ပြုံးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (အဋ္ဌမတန်း- ပထဝီဝင်) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၁၅	၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ(ဘောဂဗေဒ)
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	မေတို့တွက်တာ အလှကမ္ဘာ (အေးချမ်းတဲ့ရာသီဥတုမှာ အသားအရေမခြောက်သွေ့အောင် ကာကွယ်နည်း)
၅း၁၅	ပြောပါရစေရှင် (မလိုအပ်တဲ့ဝန်ထုပ်တွေကို လွှတ်ချခဲ့ပါ)
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၅း၄၅	စူးစမ်းရှာဖွေ ကမ္ဘာမြေ (၅)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ညနေခင်းတေးပဒေသာ
၆း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ ၃၈ဖြာမင်္ဂလာ (ဦးသန်းထွတ်) ၂။ ငယ်ဘဝ (လယ်တွင်းသားစောချစ်) တေးပဒေသာ
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ဇာတ်လမ်းပမာနားဆင်စရာ (လူ့ဘုံဘဝကြုံရသောအခါ) နိုင်ငံရေးဦးတည်ချက်
၇း၃၀	သူ့ခေတ်သူ့အခါတေးကမ္ဘာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	တေးစီးရီး (ပန်းသုံးပွင့်အလွမ်းအိမ်) (ခင်ညွန့်ရီ၊ ယဉ်ဝေယံထွန်း၊ ရွှေယမင်းဦး) စီးပွားရေးဦးတည်ချက်
၈း၃၀	တေးပဒေသာ
၉း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်း(၃)လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မရတနာဃရ ဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာများကို နယ်မြေအမှုဆောင်များမှတစ်ဆင့် ဖြန့်ဝေထားပြီးဖြစ်သည်။ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများနှင့် အသက် (၈၀)ပြည့် သက်ကြီးအသင်းဝင်များသည် ဦးလှမြင့် ဖုန်း-၂၂၄၃၉၁၊ ဖုန်း-၂၅၂၇၉၃၊ ဦးကျော်ရီ ဖုန်း-၅၄၁၈၂၃နှင့် ဦးကျော်သူ ဖုန်း-၂၂၃၆၃၃ တို့သို့ ဆက်သွယ် သတင်းပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လွှတ်တော်ကိုယ်စားလှယ်များဟာ ဘယ်ပါတီကပဲဖြစ်ဖြစ် ပြည်သူ့အကျိုးစီးပွားကို ညီညီညွတ်ညွတ် ရှာဖွေကြရမှာဖြစ် သူနိုင်ကိုယ်နိုင် စကားရည်လုပွဲမျိုးမဖြစ်စေဘဲ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကိုသာ ဖော်ဆောင်ဖို့လို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လေးစားစွာလိုက်နာ

နေပြည်တော် ဇန်နဝါရီ ၃၁

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပြောကြားသည့် နှုတ်ခွန်းဆက်စကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ယနေ့ဟာ မြန်မာနိုင်ငံမှာ ပါလီမန်ဒီမိုကရေစီစနစ်ကို ပြန်လည်ကျင့်သုံးတဲ့ ပထမဆုံးသောနေ့ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းမှာ ထူးခြားတဲ့ နေ့တစ်နေ့ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဥပဒေပြုရေး

လွှတ်တော်ဆိုတာဟာ ဥပဒေပြုရေးအာဏာကို ပြည်သူ့ထံကရရှိထားတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းဖြစ်တဲ့ အစိုးရအဖွဲ့နဲ့ တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်းတွေဟာ လွှတ်တော်ရဲ့ ပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော်ကြရတာ ဖြစ်ပါတယ်။

လွှတ်တော်ဆိုတာ ပြည်သူ့ဘဝကိုပြဋ္ဌာန်းတဲ့အဖွဲ့အစည်းလို့လည်း ပြောနိုင်ပါတယ်။

တာဝန်ကြီးမား

ဒါကြောင့် လွှတ်တော်ရဲ့တာဝန်ဟာ အလွန်ကြီးမားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာ ဘယ်ပါတီကပဲဖြစ်ဖြစ် လွှတ်တော်ထဲမှာ ပြည်သူ့အကျိုးစီးပွားကို ညီညီညွတ်ညွတ် ရှာဖွေကြရမှာဖြစ်ပါတယ်။ စည်းစည်းလုံးလုံး တိုင်ပင်ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ သူဖြူရင် ငါမည်းမှာပဲဆိုတဲ့ စိတ်မျိုး လုံးလုံးမထားမိဖို့လိုပါတယ်။ အဲသလိုဆိုရင်တော့ ငြင်းနေ၊ ခုံနေတာနဲ့ပဲ တန်ဖိုးရှိတဲ့အချိန်တွေဟာ ကုန်ဆုံးသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် အပြောကောင်းတဲ့သူက စကားနိုင်လုပြောခြင်းဖြင့် အမှန်တရားဟာ ပျောက်ကွယ်သွားတတ်ပါတယ်။ ဒါကြောင့် သူနိုင်ကိုယ်နိုင် စကားပြိုင်တာမျိုး၊ စကားရည်လုပွဲမျိုးမဖြစ်စေဘဲ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကိုသာ ဖော်ဆောင်ကြဖို့ ပြောကြားလိုပါတယ်။

လေးစားစွာလိုက်နာ

ဒ့ါအပြင် လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လေးစားစွာလိုက်နာကြရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အချင်းချင်းဆက်ဆံရေးဟာ အထူးယဉ်ကျေးသိမ်မွေ့ပြီး အပြန်အလှန်လေးစားကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြောကြားလိုတာကတော့ တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်တွေက ကိုယ်စားလှယ် ၁၂ ဦးစီ အညီအမျှပါဝင်ကြတဲ့ အမျိုးသားလွှတ်တော်မှာ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးရွေးကောက်တင်မြှောက်ခြင်းခံရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ပါကြောင်းနဲ့ ယခုလို ကြီးလေးတဲ့တာဝန်ကို ဥပဒေ၊ နည်းဥပဒေများနဲ့အညီ သမာသမတ်ကျကျ ဆုံးဖြတ်ဆောင်ရွက်သွားမည့်အကြောင်း ကတိပြုပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ။

နှုတ်ခွန်းဆက်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၂-၂၀၁၁ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဗုဒ္ဓခေတ်မြတ်တွေ့ကျိုးနပ်" တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၁၈)**
- ၈း၄၀ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-2)
- ၉း၁၅ (၁၉၈၀-၈၅)(ဆေး-၁)ရန်ကုန်၏ ငွေရတုပူဇော်ကန်တော့ပွဲ
- ၉း၃၀ Cartoon Show Time (Open Season) (Part-3)
- ၁၀း၁၅ ကောင်းဟိန်းကုမ္ပဏီ၏မွန်ပြည်နယ် ပေါင်မြို့သို့ ဇီဝိတဒါနအလှူ
- ၁၀း၄၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၀း၄၅ တေးဂီတအစီအစဉ်
- ၁၀း၅၅ Celebrity Style (R ဇာနည်၊ ဝမ်း)
- ၁၁း၁၅ International Show Biz
- ၁၁း၃၀ သင်ကြားရေးလမ်းညွှန် (Dozo Fashion Design)
- ၁၁း၅၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၂၀ Activities in The City (PG & 21 Ca ရေကြည်ဆေးမှုနဲ့ မိတ်ဆက်ရှင်းလင်းပွဲ)
- ၁၂း၄၅ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ "မြဘုရင်နို့ချက်စက်ရုံ၏လုပ်ငန်းရှင် ဦးဝင်းမောင်နှင့်တွေ့ဆုံခြင်း" (အပိုင်း-၁)
- ၁း၀၀ "ဗုဒ္ဓခေတ်မြတ်တွေ့ကျိုးနပ်" တရားတော် (ဆရာတော် ဓမ္မဒူတအရှင်ပညာဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ MRTV-4 အစီအစဉ်တင်ဆက်သူ ရွေးချယ်ပွဲ (အပိုင်း-၄)
- ၃း၀၀ မွန်မြတ်ကုသိုလ်မျှဝေလို ရွက်ဆောင်ကြိုးပမ်းပရဟိတလုပ်ငန်း
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၁၈)**
- ၄း၄၅ အ. ထ. က (၁)ဖြူးမြို့၏ အနန္တဂိုဏ်းဝင်ပူဇာသဘင်
- ၅း၀၀ Celebrity Choice (အေသင်ချိုဆွေ)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ရန်ကုန်မြင်ကွင်းကျယ် [စိန်မိုက်ကယ်ကျောင်း (၁၁) ကြိမ်မြောက်အာစရိယပူဇော်ပွဲ]
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၂)**
- ၇း၂၀ လပြည့်ဝန်းသို့ တမ်းချင်းည Live Show (Part-3)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၉း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၁၉)**
- ၁၀း၁၀ ယုံကြည်စိတ်ချသူတို့ဘဝ
- ၁၀း၃၅ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
- ၁၀း၅၀ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားရောဂါအကြောင်း သိကောင်းစရာ)
- ၁၁း၂၅ ရှုမငြီးဖွယ်စုံညီ. . . ထားဝယ်မြို့ဂုဏ်ရည်
- ၁၁း၄၀ World of Knowledge (Air Crash Investigation; Who's Flying The Plane)
- ၁၂း၃၀ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေသြဇာသုံးစွဲစို့
- ၁၂း၅၀ နာဂစ်အလွန်ဝါးနည်းပညာနဲ့ ဆောက်လုပ်ထားတဲ့ အမရာမှ စာသင်ကျောင်းအလှူ
- ၁း၁၀ လုံလုံလုံ (ဖိုးညက်၊ မေကဗျာ၊ ဖြိုးသီရိခေတ်) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)
- ၁း၁၅ မြန်မာ့တွင်းထွက်လက်မှုပညာ ကျောက်စိမ်းကမ္ဘာ
- ၁း၄၀ ဒို့တိုင်းဌာနီရောဝတီ (ကြီးမားဖွံ့ထွားရောဝတီရဲ့ငါး)
- ၂း၀၀ ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက်ခွန်အားသစ်များ မွေးဖွားခြင်း
- ၂း၃၅ ကော့ကရိတ်မြို့မှ ပွင့်လန်းနေသော ပန်းကလေးများ
- ၂း၅၀ ကြံခင်းမြို့မှ ဘုရားများနှင့် ပီတိဖြစ်ဖွယ်ဆွမ်းလောင်းလှူပွဲ
- ၃း၀၀ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၄း၀၀ စက္ကူရွက်ဝေရှမ်းထီးသက်သေ
- ၄း၁၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ပင်စိမ်းရနံ့ဂေါ်ဖီအစာသွတ်၊ ကြက်သားလုံးလိုင်ချီးကော်ရည်)
- ၄း၄၀ မွန်တို့မြေမှရှေးဟောင်း အမွေအနှစ်တို့တည်ရှိရာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၂း၁၀	Sunderland	-	Chelsea	STAR SPORTS(Live)
၂း၂၄	Man U	-	Aston Villa	ESPN (Live)

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၁

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၈ခုနှစ် စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ(ပထမဆုရ) ဇင်မင်း(သမိန်ထော) ရေးသားသည့် "ရွှေထီးချောင်းက မောင်းထုသံ" စာအုပ်ကို စာအုပ်အသင်း၏ (၆၈)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်း၌ လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် Future Engineering Group တို့မှ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာစစ်တုရင် (တစ်ဦးချင်း) ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၇ ရက်ထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဖေဖော်ဝါရီ ၁၇ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဤပြိုင်ပွဲအတွက် ဆုကြေးငွေများကို Future Engineering Group မှ ချီးမြှင့်ပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာစစ်တုရင် အားကစားနည်းကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အထက(၅) ပြည် မြတ်ဆရာပူဇော်မည်

ပြည် ဇန်နဝါရီ ၃၁

ပြည်မြို့ အထက(၅)နှင့် ယခင်လက်စွမ်းပြအမကများ၌ တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီး ၁၁၁ ဦးတို့အား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း ပညာတံခွန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ လာရောက် ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများလှူဒါန်းလိုပါက(နာယကများ) ဦးဇော်လွင် ဖုန်း-၀၉-၅၃၁၂၉၆၉၊၀၅၃-၂၈၃၁၆၊ ဦးခင်မောင်နိုင် ဖုန်း-၀၉-၈၆၈၀၀၅၂၊ ၀၅၃-၄၂၂၇၅၊ ဦးမင်းဇော် ဖုန်း-၀၉-၂၀၆၃၁၄၆၊ ၀၅၃-၂၈၈၀၇၊ အမှုဆောင်များ အထက(၅) ဖုန်း-၀၅၃-၂၈၀၈၅၊ ဒေါ်အေးအေးသစ် ဖုန်း-၀၅၃-၂၈၁၃၇၊ ဒေါ်မိုးမိုးလွင် ဖုန်း-၀၉-၅၅၃၁၁၂၇၂၊ ဒေါ်လှမျိုးနွယ် ဖုန်း-၀၅၃-၂၈၂၅၃၊ ဒေါ်အေးမွန်သန့် ဖုန်း-၀၉-၄၉၅၀၀၈၂၀နှင့် ဒေါ်သူဇာကျော် ဖုန်း-၀၉-၅၃၇၀၇၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ပြည်ထောင်စုလွှတ်တော်ကြီးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို အထူးကျေးဇူးတင်ရှိ
ပြည်ထောင်စုလွှတ်တော်ကြီးဟာ အဖွဲ့အစည်းအားဖြင့် နိုင်ငံတော်မှာ အမြင့်မားဆုံးဖြစ်တဲ့အတွက် ဂုဏ်ဒြပ်ကြီးမား

လွှတ်တော်ကိုယ်စားလှယ်များရဲ့ အတွေးအကြံ အပြောအဆို အပြုအမူတွေဟာ မြင့်မားသိမ်မွေ့တာနဲ့အမျှ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ဂုဏ်သတင်းဟာလည်း ကမ္ဘာ့အလယ်မှာ တင့်တယ်ထည်ဝါ

နေပြည်တော် ဇန်နဝါရီ ၃၁

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်ပြောကြားသော နှုတ်ခွန်းဆက်စကား အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ယနေ့ဟာဆိုရင် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် အဆင့်(၆)အရ လွှတ်တော်အစည်းအဝေးများကို စတင်ကျင်းပတဲ့နေ့ ဖြစ်တဲ့အတွက် သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ပါတယ်။ မူဝါဒလမ်းစဉ် အဆင့် (၇)ကို တစ်ဆက်တည်း ဆောင်ရွက်ပြီး ဒုတိယသမ္မတများနဲ့ နိုင်ငံတော်သမ္မတ ရွေးကောက်တင်မြှောက်ခြင်း၊ အစိုးရအဖွဲ့နဲ့ အာဏာပိုင် အဖွဲ့အစည်းများဆိုင်ရာ ဆောင်ရွက်ဖွယ်ရာများကို ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကို ယနေ့ပင် ခေါ်ယူခြင်းဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ယနေ့ လွှတ်တော်ကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေထဲမှာ လွတ်လပ်ရေးရပြီးစက ကျင့်သုံးခဲ့တဲ့ ပါလီမန်စနစ်ကို သိမီလိုက်သူများ ပါရှိရင်တောင်မှ အလွန်ရှားပါးမှာဖြစ်ပါတယ်။

နောက်ကြောင်းကို ပြန်လည်လေ့လာတဲ့အခါ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း (၆)မှာ ပါလီမန်ဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို တွေ့ရပြီး အဲဒီဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန်၊ လူမျိုးစုလွှတ်တော် လုပ်ငန်းစဉ် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ရာမှာ ၁၉၅၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ကစပြီး အာဏာတည်ခဲ့၊ ကျင့်သုံးခဲ့ကြတာကို လေ့လာတွေ့ရှိရပါတယ်။

ဒီဘက်ပိုင်းမှာတော့ ၂၀၀၈ ခုနှစ် မေလက ပြည်သူတွေ တစ်ခဲနက်ထောက်ခံခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄) ဥပဒေပြုရေးကဏ္ဍမှာ လွှတ်တော်များနဲ့ပတ်သက်လို့ ပြဋ္ဌာန်းထားတာကိုတွေ့ရပါတယ်။

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အဲဒီအခြေခံဥပဒေရဲ့ ပုဒ်မ ၄၄၃ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ဖို့လိုအပ်တဲ့ လုပ်ငန်းတွေကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးဖို့ ပြဋ္ဌာန်းထားတဲ့အလျောက် လွှတ်တော်တွေခေါ်တဲ့အခါ အဆင်ပြေချောမွေ့စွာ လုပ်တတ်ကိုင်တတ်ရှိစေဖို့အတွက် လွှတ်တော်အသီးသီးဆိုင်ရာ ဥပဒေတွေနဲ့ နည်းဥပဒေတွေကို ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၂၁ ရက်နေ့မှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းပေးခဲ့ပါတယ်။ လွှတ်တော်အတွေ့အကြုံ မရှိကြသေးတဲ့ ကျွန်တော်တို့တစ်တွေဟာ အဲဒီဥပဒေတွေနဲ့ နည်းဥပဒေတွေ သာမရှိရင် လွှတ်တော်စတင်ဖို့ အခက်အခဲ ကြီးစွာတွေ့ကြုံကြရမှာ ဖြစ်ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ဥပဒေတွေ ပြဋ္ဌာန်းပေးရုံသာမက အမြော်အမြင်ကြီးမားပြီး စေတနာထက်သန်စွာနဲ့ ကြီးကျယ်ခမ်းနားလှတဲ့ လွှတ်တော်အဆောက်အအုံနဲ့ အသုံးအဆောင်များ၊ ကိုယ်စားလှယ်တော်များအတွက် အစစအဆင်ပြေအောင် စီစဉ်ပေးမှုများကို ဆောင်ရွက်ထားကြောင်းတွေ့ကြရပါတယ်။

ဒါကြောင့် ဤပြည်ထောင်စုလွှတ်တော်ကြီးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း လေးစားစွာပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်များခင်ဗျား-

ပြည်ထောင်စုလွှတ်တော်ကြီးဟာ အဖွဲ့အစည်းအားဖြင့် နိုင်ငံတော်မှာ အမြင့်မားဆုံးဖြစ်တဲ့အတွက် ဂုဏ်ဒြပ်ကြီးမားလှပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဂုဏ်ရည်ဟာလည်း မြင့်မားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အတွေးအကြံ အပြောအဆို အပြုအမူတွေဟာ မြင့်မားသိမ်မွေ့တာနဲ့အမျှ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ဂုဏ်သတင်းဟာလည်း ကမ္ဘာ့အလယ်မှာ တင့်တယ်ထည်ဝါပါလိမ့်မယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာ နှစ်ပေါင်းများစွာ ကင်းကွာနေခဲ့ရာကနေ ယခုမှ ပြန်လည်စတင်ကျင့်သုံးတဲ့ ပါလီမန်ဒီမိုကရေစီစနစ်မှာ ကျွန်တော်တို့အားလုံး လိုက်နာကျင့်သုံးကြတဲ့ ဥပဒေ၊ စည်းကမ်း၊ ဓလေ့နဲ့ ထုံးတမ်းတွေဟာ နောင်လာနောက်သားတို့အတွက် စံနမူနာကောင်းများ၊ အစဉ်အလာကောင်းများဖြစ်အောင် ဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ။

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို သိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အဝှမ်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်နှင့် စေတနာအမှန်ကို သိမြင်လာကြသော တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများသည် ၎င်းတို့၏ မှားယွင်းသော လုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ၊ အောက်တိုဘာနှင့် ဒီဇင်ဘာလတို့အတွင်း-

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ပီပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ တပ်သား ဝေးအီသည် အမ်-၂၁ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်း ကျည် ၁၀ တောင့်ဖြင့် လည်းကောင်း၊ အက်စ်အက်စ်အေ (ရှမ်းဆစ်) တောတွင်းလက်နက်ကိုင် အဖွဲ့မှ တပ်သားအိုက်ဆွဲသည် အမ်-၂၂ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ၎င်းကျည် ၇၁ တောင့်ဖြင့် လည်းကောင်း၊ တပ်သားအိုက်ပီးသည် လည်းကောင်း၊ ကေအင်န်ပီပီတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားမောင်လင်းသည် အမ်-၁၆ မောင်းပြန်ရိုင်ဖယ် တစ်လက်၊ ၎င်းကျည် ငါးတောင့်ဖြင့် လည်းကောင်း၊ တပ်သား စတန်နီသည် ခြောက်လုံးပြူး တစ်လက်၊ ၎င်းကျည် ခြောက်တောင့်ဖြင့် လည်းကောင်း။

အရှေ့တောင်တိုင်း စစ်ဌာနချုပ် နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်ကြပ် စောအယ်သသည် ကာဘိုင်တစ်လက်၊ ၎င်းကျည်ခြောက်တောင့်၊ ကျည်အိမ် တစ်ခုဖြင့် လည်းကောင်း၊ ဗိုလ်ချမ်းအေးသည် လက်ပစ်ဗုံးနှစ်လုံးဖြင့် လည်းကောင်း၊ တပ်သား စောထောခိုသည် ပွိုင့်-၃၂ ခြောက်လုံးပြူး တစ်လက်၊ ၎င်းကျည်ခြောက်တောင့်ဖြင့် လည်းကောင်း၊ တပ်သား စောထူးဝါးသည် အေအာရ်-၁၅ တစ်လက်၊ ကျည်အိမ် ငါးခု၊ ကျည် ၂၀၀ တောင့်ဖြင့် လည်းကောင်း၊ အရာခံဗိုလ် အဲလစ်စိန်၊ တပ်ကြပ်ကြီး ဒီကျော်ထူး၊ တပ်ကြပ်ကြီး စောပွားနှင့် တပ်သားတုတုတို့သည် လည်းကောင်း။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သားကျော်မျိုးထွန်းသည် ပစ္စတိုတစ်လက်၊ ၎င်းကျည် ငါးတောင့်ဖြင့်လည်းကောင်း။

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေတွင် စီအင်န်အေတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်ကြပ်နံလဲသည် လည်းကောင်း၊ ရခိုင်အမျိုးသား ညီညွတ်ရေးပါတီ (အင်န်ယူပီအေ) တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဥက္ကဋ္ဌ (ဟောင်း) ဦးပတီးဖြူ၊ တပ်ကြပ်ကြီး (ဟောင်း) ဦးစန္ဒာသာရ(ခေါ်) ဦးစောထွန်း(ခေါ်) ဦးညဏ်လင်းသည် လည်းကောင်း။

တောင်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေတွင် ကေအင်န်ယူတောတွင်း လက်နက်ကိုင်အဖွဲ့မှ တပ်သား စောမောင်မောင်လွင် (ခေါ်) ရိုးနီသည် လက်ပစ်ဗုံးတစ်လုံး၊ ကျည်ခုနစ်တောင့်ဖြင့် လည်းကောင်း အသီးသီးလက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ် ဝင်ရောက်ခဲ့ကြသည်။

အဆိုပါကာလအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ခဲ့ကြသူ စုစုပေါင်း ၁၈ ဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လိုက်လံပျူငှာစွာ ကြိုဆိုကြပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

HIV / AIDS ရောဂါကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

HIV / AIDS ရောဂါကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ဂန့်ဂေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးဥမ္မာဝင်းက အမှာစကားပြောကြားပြီး ဂန့်ဂေါမြို့ပြည်သူ့ဆေးရုံမှ ဒေါက်တာဌေးကျော်က HIV / AIDS ရောဂါဖြစ်ပွားပုံနှင့် ကာကွယ်တားဆီးရေးတို့ကို ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဂန့်ဂေါမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၅၂ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၆။ မျိုးချစ်တပ်မတော်
၄း၂၀ ၇။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၄း၃၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၉။ အင်္ဂလိပ်စာသုတ
၄း၄၀ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၁၁။ ရန်သူမီး
၄း၅၀ ၁၂။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(မြန်မာစာ)
၅း၁၀ ၁၃။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၁၂)**
၆း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၆။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၇။ သူတို့နှင့်သူတို့အကြိုက်
၆း၃၀ ၁၈။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၃၃)**
၈း၀၀ ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
၂၁။ အမျိုးသားရေးတေးကဗျာ
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ ဟာသရုပ်စုံ
၂၅။ မွေးမြူသုတ
၂၆။ တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေးများ
၂၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၅၂) (ဇာတ်သိမ်း)**
၂၉။ Mini Series
၃၀။ သင့်အတွက်မနက်ဖြန်
၃၁။ အပိတ်နှုတ်ဆက်စကား
၃၂။ ပြီးပါပြီ။

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊
- နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊
- တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊
- နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများ စတင်ကျင်းပ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အသီးသီး၌ သဘာပတိ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့အား ရွေးကောက်တင်မြှောက်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၄)နှင့် အခန်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂ တို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူခဲ့သော ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို ယနေ့နံနက် ၈ နာရီ ၅၅ မိနစ်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးအသီး၌ တစ်ပြိုင်တည်း ကျင်းပကြသည်။

ကချင်ပြည်နယ်

ကချင်ပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် သဘာပတိအဖြစ် **တနိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလဂွန်ငန်ဆိုင်း**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် မချမ်းဘောမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးရားဝမ်ဂျုံ၏ အမည်စာရင်းအား မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်မောင်ထွန်းက အဆိုပြုတင်သွင်းပြီး အင်ဂျန်းယန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးအလေးပါးက ထောက်ခံခဲ့သည်။ ဝိုင်းမော်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထောလွမ်း၏ အမည်စာရင်းအား မိုးမောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဆွတ်နောင်က အဆိုပြုတင်သွင်းပြီး ဗန်းမော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်ဆွေက ထောက်ခံခဲ့သည်။ အမည်စာရင်းတင်သွင်းခံရသည့် ဥက္ကဋ္ဌလောင်းများမှာ စုစုပေါင်း (၂)ဦးဖြစ်သည်။ ဥက္ကဋ္ဌလောင်းများအား လျှို့ဝှက်ဆန္ဒမဲပေးကြရာ မချမ်းဘောမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးရားဝမ်ဂျုံက ထောက်ခံဆန္ဒမဲ (၃၆)မဲရရှိပြီး ဝိုင်းမော်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထောလွမ်းက ထောက်ခံဆန္ဒမဲ (၁၂)မဲ ရရှိသည့်အတွက် ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူ **မချမ်းဘောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရားဝမ်ဂျုံ**အား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် ဖားကန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းမြင့်ကျော်၏ အမည်စာရင်းအား ခေါင်လန်ဖူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဒိန်းခမ်ဒါက အဆိုပြုတင်သွင်းပြီး တနိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလွယ်ဆောင်းဆမ်အောန်းက ထောက်ခံခဲ့သည်။ မချမ်းဘောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထိန်မောင်တူး၏ အမည်စာရင်းအား ဗန်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ဆွေက အဆိုပြုတင်သွင်းပြီး ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမြအောင်က ထောက်ခံခဲ့သည်။ အမည်စာရင်းတင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်းများမှာ စုစုပေါင်း(၂)ဦးဖြစ်သည်။ ဒုတိယဥက္ကဋ္ဌလောင်းများအား လျှို့ဝှက်ဆန္ဒမဲပေးကြရာ ဖားကန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းမြင့်ကျော်က ထောက်ခံဆန္ဒမဲ (၃၈)မဲ ရရှိပြီး မချမ်းဘောမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးထိန်မောင်တူးက ထောက်ခံဆန္ဒမဲ(၁၀)မဲ ရရှိသည့်အတွက် ထောက်ခံဆန္ဒမဲ အများဆုံး ရရှိသူ **ဖားကန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းမြင့်ကျော်**အား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် ကချင်ပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်အား နံနက် ၁၁ နာရီ မိနစ် ၄၀တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ကယားပြည်နယ်

ကယားပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် သဘာပတိအဖြစ် **ဘော်လခဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဦး**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် လွိုင်ကော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ဆွေ၏ အမည်စာရင်းအား ဘော်လခဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်လှက အဆိုပြုတင်သွင်းပြီး ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က ထောက်ခံခဲ့သည်။ အလားတူ လွိုင်ကော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကိုရယ်က အဆိုပြုတင်သွင်းပြီး ဗမာတိုင်းရင်းသားကိုယ်စားလှယ် ဦးစိန်ဦးက ထောက်ခံခဲ့သည်။ လွှတ်တော် ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူတစ်ဦးတည်းသာ ရှိသဖြင့် **လွိုင်ကော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ဆွေ**အား ဥက္ကဋ္ဌအဖြစ် လွှတ်တော်ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှဦးအေးမောင်၏ အမည်စာရင်းအား ဖားဆောင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစောကိုရီက အဆိုပြုတင်သွင်းပြီး ဒီမောဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးပိုးရယ်ရန်အောင်က ထောက်ခံခဲ့သည်။ အလားတူ ဖရူဆိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဟူးဟူက အဆိုပြုတင်သွင်းပြီး မဲစဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိန်းထွန်းက ထောက်ခံခဲ့သည်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်**အား ဒုတိယဥက္ကဋ္ဌအဖြစ် လွှတ်တော်ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် ကယားပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်အား နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် သဘာပတိအဖြစ် တပ်မတော်သား ပြည်နယ်လွှတ်တော်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ပထမအကြိမ် ကရင်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

❑ စာမျက်နှာ ၉ မှ

ကိုယ်စားလှယ် **ဗိုလ်မှူးချုပ်ဇော်မင်း**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်မင်း၏ အမည်စာရင်းအား ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောဆာလောလ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်လွင်၊ ဘားအံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောခင်မောင်မြင့်၊ လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစောရှားထွန့်ဖောင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထွန်းထွန်းဦး၊ မြဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးချစ်လှိုင်၊ လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမင်းအောင်လင်း၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးမြင့်ကို၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးနေလင်းအုပ်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဇော်မင်းထွန်းတို့က အဆိုပြုတင်သွင်းခဲ့သည်။ လွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်မင်း**အား ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက်အစီအစဉ်အရ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမန်းလှမြိုင်၏ အမည်စာရင်းအား မြဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးချစ်လှိုင်၊ မြဝတီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသံဒိုင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်လွင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထွန်းထွန်းဦး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး မြင့်ကို၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးနေလင်းအုပ်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးဇော်မင်းထွန်း၊ ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းစိုးသိန်း(ခ) ဦးနိုင်မင်းစိုးသိန်းနှင့် လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောရှားထွန့်ဖောင်တို့က အဆိုပြုတင်သွင်းခဲ့သည်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမန်းလှမြိုင်**အား ဒုတိယဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်အား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ချင်းပြည်နယ်

ချင်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖြစ် **မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဟုန်းငိုင်း**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဟောက်ခင်ခမ်း၏ အမည်စာရင်းအား တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးအောင်ဇော်ထိုက်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးမျိုးမောင်မောင်သွင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးကျော်ဇင်မောင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီး ညီညီဦး၊ တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဟောက်ခင်ခမ်း၊ ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကီးထန်းလွန်း၊ ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကွီးထန်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးဇော်မင်းဦး၊ တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနန်ဇမုံ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်လွင်၊ မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနိန်နိုင်း၊ တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျင့်လျန်းပေါင်၊ ဖလမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနထန်း၊ ဖလမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးနိုးဆွန်၊ မတူပီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအုန်းလွင်နှင့် မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဟုန်းငိုင်းတို့က အဆိုပြုတင်သွင်းခဲ့ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးညီညီဦး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးကျော်ဇင်မောင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးမျိုးမောင်မောင်သွင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးအောင်ဇော်ထိုက်၊ တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျင့်လျန်းပေါင်၊ တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနန်ဇမုံ၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်လွင်၊ ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကွီးထန်း၊ တပ်မတော်သား ဗိုလ်ကြီးမျိုးမောင်မောင်သွင်၊ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်ကြီးကျော်ဇင်မောင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးညီညီဦး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးအောင်ဇော်ထိုက်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသက်လွင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးဇော်မင်းဦး၊ မတူပီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဗန်ကျင်း၊ ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကီးထန်းလွန်း၊ မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနိန်နိုင်း၊ ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကွီးထန်းနှင့် တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးနန်ဇမုံတို့က အဆိုပြုတင်သွင်းခဲ့ပြီး တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဟောက်ခင်ခမ်း၊ တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျင့်လျန်းပေါင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးကျော်ဇင်မောင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးမျိုးမောင်မောင်သွင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးအောင်ဇော်ထိုက်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး/ဗိုလ်ကြီးညီညီဦး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးဇော်မင်းဦး၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ကိုယ်စားလှယ် ဗိုလ်မှူးကြီးဇော်မင်းဦး၊ မတူပီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအုန်းလွင်နှင့် မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနိန်နိုင်းတို့က ထောက်ခံခဲ့ကြသည်။ အလားတူ ထန်တလန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလာလ်မောင်ကျုံး၏ အမည်စာရင်းအား ဟားခါးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးရမ်မန်နှင့် ထန်တလန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးရိုဘင်တို့က အဆိုပြုတင်သွင်းခဲ့ပြီး ဟားခါးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချန်ပွန်နှင့် ပလက်ဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ငြိမ်းတို့က ထောက်ခံခဲ့သည်။ အမည်စာရင်းတင်သွင်းခံရသည့် ဥက္ကဋ္ဌလောင်းများမှာ စုစုပေါင်း (၂)ဦးဖြစ်သည်။ ဥက္ကဋ္ဌလောင်းများအား လျှို့ဝှက်ဆန္ဒ မဲပေးကြရာ တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဟောက်ခင်ခမ်းက ထောက်ခံဆန္ဒမဲ (၁၄)မဲရရှိပြီး ထန်တလန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလာလ်မောင်ကျုံးက ထောက်ခံဆန္ဒမဲ (၁၀)မဲ ရရှိသည့်အတွက် ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူ **တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဟောက်ခင်ခမ်း**အား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် မတူပီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအုန်းလွင်၏ အမည်စာရင်းအား မတူပီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအုန်းလွင်၊ မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဟုန်းငိုင်း၊ တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျင့်လျန်းပေါင်၊ တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဟောက်ခင်ခမ်း၊ တပ်မတော်သားကိုယ်စားလှယ် သက်လွင်၊ မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနိန်နိုင်း၊ တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနန်ဇမုံနှင့် ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကွီးထန်းတို့က ထောက်ခံခဲ့ကြသည်။ တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဇမ်းကျင့်ပေါ် (ခ) ဦးဇိုဇမ်း၏ အမည်စာရင်းအား ထန်တလန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရိုဘင်က အဆိုပြုတင်သွင်းပြီး ပလက်ဝမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်ငြိမ်းက ထောက်ခံခဲ့သည်။ အမည်စာရင်းတင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်းများမှာ စုစုပေါင်း (၂)ဦး ဖြစ်သည်။ ဒုတိယဥက္ကဋ္ဌလောင်းများအား လျှို့ဝှက်ဆန္ဒမဲပေးကြရာ မတူပီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအုန်းလွင်က ထောက်ခံဆန္ဒမဲ (၁၄)မဲရရှိပြီး တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဇမ်းကျင့်ပေါ် (ခ) ဦးဇိုဇမ်းက ထောက်ခံဆန္ဒမဲ (၁၀)မဲ ရရှိသည့်အတွက် ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူ **မတူပီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအုန်းလွင်**အား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် ချင်းပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်အား နံနက် ၁၁ နာရီ ၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖြစ် **ဝက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတင်ငွေ**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် ကန့်ဘလူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသင်းလှိုင်၏ အမည်စာရင်းအား မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးတင့်လှိုင်မြင့်က အဆိုပြုတင်သွင်းပြီး ကလေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိန်ဝင်းက ထောက်ခံခဲ့သည်။ လွှတ်တော်ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ကန့်ဘလူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသင်းလှိုင်**အား ဥက္ကဋ္ဌအဖြစ် လွှတ်တော်ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် ပုလဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသောင်းစိန်၏ အမည်စာရင်းအား မော်လိုက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမြင့်က အဆိုပြုတင်သွင်းပြီး ရွှေဘိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းကိုကိုက ထောက်ခံခဲ့သည်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ပုလဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသောင်းစိန်**အား ဒုတိယဥက္ကဋ္ဌအဖြစ် လွှတ်တော်ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်အား နံနက် ၉ နာရီ ၄၇ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖြစ် **ထားဝယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြတ်ကို**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် ပုလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထင်အောင်ကျော်၏ အမည်စာရင်းအား ကော့သောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝင်းအောင်က အဆိုပြုတင်သွင်းပြီး သရက်ချောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးငွေဝင်းက ထောက်ခံခဲ့သည်။ လွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ပုလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထင်အောင်ကျော်**အား ဥက္ကဋ္ဌအဖြစ် လွှတ်တော်ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် ကော့သောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကြည်ဝင်း၏ အမည်စာရင်းအား ကျွန်းစုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိန်းလွင်က အဆိုပြုတင်သွင်းပြီး ဘုတ်ပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထွန်းအေးက ထောက်ခံခဲ့သည်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ကော့သောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း**အား ဒုတိယဥက္ကဋ္ဌအဖြစ် လွှတ်တော်ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်အား နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖြစ် **ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဉာဏ်ဝင်း**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝင်းတင်၏ အမည်စာရင်းအား တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာကျော်ဦးက အဆိုပြုတင်သွင်းပြီး ကဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးနိုင်က ထောက်ခံခဲ့သည်။ လွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝင်းတင်**အား ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမြင့်စိုး၏ အမည်စာရင်းအား ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ကျော်လင်းက အဆိုပြုတင်သွင်းပြီး ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမျိုး (ခ) ဦးမျိုးအောင်က ထောက်ခံခဲ့သည်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ကြို့ပင်ကောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမြင့်စိုး**အား ဒုတိယဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်အား နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖြစ် **မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဘုန်းမော်ရွှေအား** တင်မြှောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် မကွေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရဲမြင့်၏ အမည်စာရင်းအား နတ်မောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးနေဝင်းက အဆိုပြုတင်သွင်းပြီး ရေနံချောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်နိုင်ဝင်းက ထောက်ခံခဲ့သည်။ လွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **မကွေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးရဲမြင့်**အား ဥက္ကဋ္ဌအဖြစ် လွှတ်တော်ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောဝင်းမောင်၏ အမည်စာရင်းအား တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်သိန်းက အဆိုပြုတင်သွင်းပြီး ချောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနေရှင်းက ထောက်ခံခဲ့သည်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောဝင်းမောင်**အား ဒုတိယဥက္ကဋ္ဌအဖြစ် လွှတ်တော်ကိုယ်စားလှယ်အားလုံးက တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်အား နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖြစ် **မြင်းခြံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ဇံ**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် တောင်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်၏ အမည်စာရင်းအား ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းဝင်းက အဆိုပြုတင်သွင်းပြီး မိုးကုတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်အောင်က ထောက်ခံခဲ့သည်။ လွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **တောင်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင်**အား ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ငွေးကျော်၏ အမည်စာရင်းအား မလှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရွှေနန်းက အဆိုပြုတင်သွင်းပြီး မတ္တရာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဝင်းက ထောက်ခံခဲ့သည်။ လွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ငွေးကျော်**အား ဒုတိယဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်အား နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

မွန်ပြည်နယ်

မွန်ပြည်နယ် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖြစ် **မုဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအုန်းမြင့်**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျင်ဖေ၏ အမည်စာရင်းအား သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမျိုးညွန့်က အဆိုပြုတင်သွင်းပြီး သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်က ထောက်ခံခဲ့သည်။ မုဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမင်းနွယ်စိုး၏

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳

✳ **စာမျက်နှာ ၁၀ မှ**

အမည်စာရင်းအား ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်နိုင်ဦးက အဆိုပြုတင်သွင်းပြီး ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစံတင်က ထောက်ခံခဲ့သည်။ အမည်စာရင်းတင်သွင်းခံရသည့် ဥက္ကဋ္ဌလောင်းများမှာ စုစုပေါင်း (၂)ဦး ဖြစ်သည်။ ဥက္ကဋ္ဌလောင်းများအား လျှို့ဝှက်ဆန္ဒမဲပေးကြရာ ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျင်ဖေက ထောက်ခံဆန္ဒမဲ (၂၄)မဲ ရရှိပြီး မုဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမင်းနွယ်စိုးက ထောက်ခံဆန္ဒမဲ (၇)မဲ ရရှိသည့်အတွက် ထောက်ခံဆန္ဒမဲအများဆုံးရရှိသူ **ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျင်ဖေ**အား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် မုဒုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါက်တာမင်းနွယ်စိုး၏ အမည်စာရင်းအား ရေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမင်းသိန်းဟန်က အဆိုပြုတင်သွင်းပြီး ရေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးနိုင်လဝီအောင်က ထောက်ခံခဲ့သည်။ ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဌေးလွင်၏ အမည်စာရင်းအား ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလှထွန်းက အဆိုပြုတင်သွင်းပြီး ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိန်ဝင်းက ထောက်ခံခဲ့သည်။ အမည်စာရင်း တင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်းများမှာ စုစုပေါင်း (၂)ဦးဖြစ်သည်။ ဒုတိယဥက္ကဋ္ဌလောင်းများအား လျှို့ဝှက်ဆန္ဒမဲပေးကြရာ မုဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမင်းနွယ်စိုးက ထောက်ခံဆန္ဒမဲ (၈)မဲရရှိပြီး ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဌေးလွင်က ထောက်ခံဆန္ဒမဲ (၂၃)မဲ ရရှိသည့်အတွက် ထောက်ခံဆန္ဒမဲအများဆုံးရရှိသူ **ကျိုက်ထိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဌေးလွင်**အား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် မွန်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်အား နံနက် ၁၀ နာရီ ၄၇ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖြစ် **အမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလှမောင်တင်**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် ဂွမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးထိန်လင်း၏ အမည်စာရင်းအား ဂွမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးအေးက အဆိုပြုတင်သွင်းခဲ့သည်။ ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဖိုးမင်း၏ အမည်စာရင်းအား မြေပုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ဝင်းက အဆိုပြု တင်သွင်းခဲ့သည်။ အမည်စာရင်းတင်သွင်းခံရသည့် ဥက္ကဋ္ဌလောင်းများမှာ စုစုပေါင်း (၂)ဦးဖြစ်သည်။ ဥက္ကဋ္ဌလောင်းများအား လျှို့ဝှက်ဆန္ဒမဲပေးကြရာ ဂွမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးထိန်လင်းက ထောက်ခံဆန္ဒမဲ (၂၉)မဲရရှိပြီး ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဖိုးမင်းက ထောက်ခံဆန္ဒမဲ (၁၇)မဲ ရရှိသည့်အတွက် ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူ **ဂွမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးထိန်လင်း**အား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် မာန်အောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသာညွန့်၏ အမည်စာရင်းအား မြေပုံမြို့နယ် ချင်းတိုင်းရင်းသားကိုယ်စားလှယ် ဦးကိုကိုနိုင်က အဆိုပြုတင်သွင်းခဲ့သည်။ စစ်တွေမြို့နယ် မဲဆန္ဒ နယ်အမှတ် (၁)မှ ဦးသာလူချေ၏ အမည်စာရင်းအား ကျောက်တော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစောငြိမ်းက အဆိုပြုတင်သွင်းခဲ့သည်။ အမည်စာရင်းတင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်းများမှာ စုစုပေါင်း (၂)ဦး ဖြစ်သည်။ ဒုတိယဥက္ကဋ္ဌလောင်းများအား လျှို့ဝှက်ဆန္ဒမဲပေးကြရာ မာန်အောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသာညွန့်က ထောက်ခံဆန္ဒမဲ (၂၉)မဲရရှိပြီး စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးသာလူချေက ထောက်ခံဆန္ဒမဲ (၁၇)မဲ ရရှိသည့်အတွက် ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူ **မာန်အောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသာညွန့်**အား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်အား နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖြစ် **ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမောင်မောင်ဝင်း**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိန်တင်ဝင်း၏ အမည်စာရင်းအား ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမြင့်လွင်၊ ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝင်းကိုလှ၊ ကျောက်တန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမျိုးမြင့်၊ ကမာရွတ်မြို့နယ် မဲဆန္ဒ နယ်အမှတ် (၂)မှ ဦးမြငွေ၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာသက်တင်၊ ခရမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမြင့်ဦး၊ ရန်ကင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးသောင်းကျော်၊ ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးလှထွန်း၊ သန်လျင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကျော်မင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒ နယ် အမှတ် (၂)မှ ဦးစိုးမင်းတို့က အဆိုပြုတင်သွင်းခဲ့ပြီး ကမာရွတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြငွေ၊ မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမင်းသိန်းထွန်း၊ ကျောက်တန်းမြို့နယ် မဲဆန္ဒ နယ် အမှတ် (၁)မှ ဦးထွန်းလှရွှေ၊ ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမြင့်လွင်၊ လှည်းကူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးလှသန်း၊ ခရမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျော်မြင့်အောင်၊ ရန်ကင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးမျိုးခင်၊ မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ကျော်ညွန့်၊ သာကေတမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဇော်ဝင်းနိုင်နှင့် လှည်းကူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးနိုင်ဝင်းတို့က ထောက်ခံခဲ့ကြသည်။ လွှတ်တော်ဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိန်တင်ဝင်း**အား ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်အောင်၏ အမည်စာရင်းအား မှော်ဘီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဗိုလ်ကြည်၊ ရန်ကင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးသောင်းကျော်၊ တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအောင်ကျော်မိုး၊ ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးထွန်းအောင်ကြည်၊ ကော့မှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝင်းထွန်းနိုင်၊ မှော်ဘီမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးလှဦး၊ ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညဏ်ထွန်းဦး၊ ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခင်မောင်စိုး၊ ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစံကျော်၊ အလုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမိုးဝင်းကျော်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစောလှထွန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကျော်စိုး၊ ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးတင်ချိုအေးနှင့် သုံးခွမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမြသိန်းတို့က အဆိုပြုတင်သွင်းခဲ့ပြီး ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတိုင်းရ၊ ရန်ကင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမျိုးခင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးထွန်းလွင်၊ ဗိုလ်တထောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသိန်းဦး၊ ကော့မှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဝင်းထိန်၊ ထန်းတပင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးသန်းမြင့်၊ ဒဂုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်မေသန်းနွယ်၊ ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိန်တင်ဝင်း၊ ဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးနေမျိုးအောင်၊ စမ်းချောင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဌေးအောင်၊ ဗိုလ်တထောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမင်းလွင်၊ ဗိုလ်တထောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးသိန်းဦးနှင့် ကြည့်မြင်တိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ကြည်ကြည်မာတို့က ထောက်ခံခဲ့ကြသည်။ လွှတ်တော် ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်အောင်**အား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်အား နံနက် ၁၀ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်

ရှမ်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖြစ် **တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းထွန်းရင်**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းငွေငွေ၏ အမည်စာရင်းအား လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းအက်(စ်)ကီးမိုးက အဆိုပြုတင်သွင်းပြီး နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါ်နန်းခမ်းအေးက ထောက်ခံခဲ့သည်။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းလုံးဆိုင်၏ အမည်စာရင်းအား ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းနုနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူတို့က အဆိုပြုတင်သွင်းခဲ့ပြီး ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းဆာလူနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးသူရတို့က ထောက်ခံခဲ့ကြသည်။ အမည်စာရင်းတင်သွင်းခံရသည့် ဥက္ကဋ္ဌလောင်းများမှာ စုစုပေါင်း (၂)ဦးဖြစ်သည်။ ဥက္ကဋ္ဌလောင်းများအား လျှို့ဝှက်ဆန္ဒမဲပေးကြရာ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းငွေငွေက ထောက်ခံဆန္ဒမဲ (၃၇)မဲရရှိပြီး ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းလုံးဆိုင်က ထောက်ခံဆန္ဒမဲ (၁၀၅)မဲရရှိသည့်အတွက် ထောက်ခံဆန္ဒမဲအများဆုံးရရှိသူ **ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းလုံးဆိုင်**အား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် လားရှိုးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းခမ်းမှတ်၏ အမည်စာရင်းအား တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်သိန်းမောင်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုးသူရတို့က အဆိုပြုတင်သွင်းခဲ့ပြီး မိုင်းပြင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလှဝင်းနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသိန်းဇော်ဦးတို့က ထောက်ခံခဲ့ကြသည်။ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းငွေငွေ၏ အမည်စာရင်းအား သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းစိန်ဝင်းက အဆိုပြုတင်သွင်းပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းသန်းမောင်က ထောက်ခံခဲ့သည်။ အမည်စာရင်းတင်သွင်းခံရသည့် ဒုတိယဥက္ကဋ္ဌလောင်းများမှာ စုစုပေါင်း (၂)ဦးဖြစ်သည်။ ဒုတိယဥက္ကဋ္ဌလောင်းများအား လျှို့ဝှက်ဆန္ဒမဲပေးကြရာ လားရှိုးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းခမ်းမှတ်က ထောက်ခံဆန္ဒမဲ (၁၀၅)မဲရရှိပြီး မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းငွေငွေက ထောက်ခံဆန္ဒမဲ (၃၇)မဲ ရရှိသည့်အတွက် ထောက်ခံဆန္ဒမဲအများဆုံး ရရှိသူ **လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းခမ်းမှတ်**အား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်အား ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် သဘာပတိအဖြစ် **အင်္ဂပူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိန်းအောင်**အား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း ဆောင်ရွက်ရာတွင် ရေကြည်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဆန်းဆင့်၏ အမည်စာရင်းအား ကျုံပျော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်စိုးက အဆိုပြုတင်သွင်းပြီး ကြံခင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခင်ကျော်ညွန့်က ထောက်ခံခဲ့သည်။ လွှတ်တော်ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ရေကြည်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဆန်းဆင့်**အား ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးကောက် တင်မြှောက်ခဲ့သည်။

ထို့နောက် အစီအစဉ်အရ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းကိုလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနည်းတူ ဆက်လက်ဆောင်ရွက်ရာတွင် ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာထိန်ဝင်း၏ အမည်စာရင်းအား လပွတ္တာမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးထိန်လင်းက အဆိုပြုတင်သွင်းပြီး မြန်အောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအောင်ဝင်းဆွေက ထောက်ခံခဲ့သည်။ လွှတ်တော် ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် **ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာထိန်ဝင်း**အား ဒုတိယဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ်အား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ပထမနေ့ သဘာပတိရွေးကောက်တင်မြှောက်ရာ၌လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ရာ၌လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၄)နှင့်အခန်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကာကွယ်တားဆီးရေး သရုပ်ပြခြင်းကို ဒီဇင်ဘာ ၂၅ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ကိုကိုဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မော်သန်း၊ မြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးကျော်ဝင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ တက်ရောက်ကြစဉ်။ (မြို့နယ်စည်ပင်)

၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ ရက်က ကွမ်းခြံကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးလွင် တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရ မသီရိအောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ကြေးမုံ)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး အမျိုးသားလွှတ်တော်ခန်းမ၌ စတင်ကျင်းပ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး တက်ရောက်သည့်အတွက် အစည်းအဝေးအထမြောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား ဆန္ဒမဲပေး ရွေးကောက်တင်မြှောက်

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂ တို့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်တာဝန်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူခဲ့သော ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၈ နာရီ ၅၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ စတင်ကျင်းပသည်။

အဆိုပါ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးမစတင်မီ နံနက် ၇ နာရီ ၁၅ မိနစ်မှစတင်၍ အမျိုးသားလွှတ်တော်ခန်းမသို့ ရောက်ရှိကြပြီး အစည်းအဝေး **စာမျက်နှာ ၄ ကော်လံ ၁ သို့**◆

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (အပေါ်ပုံ)

(သတင်းစဉ်)